31/1/2014

# ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သုံးသပ်ချက်အစီရင်ခံစာ

၁။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ (သို့မဟုတ်) ကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း အဆိုတစ်ရပ်ကို အရေးကြီးအဆိုအဖြစ် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပါသည်။

၂။ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အရ ၂၅-၇-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၁/၂၀၁၃) ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာ သုံးသပ်ရေးပူးပေါင်းကော်မတီကို အဖွဲ့ဝင် (၁၀၉) ဦးဖြင့် ဖွဲ့စည်းပြီး ၂၇-၈-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၃)ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏ ဦးတည်ချက်၊ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်းနှင့် ရပိုင်ခွင့်များအား သတ်မှတ်ခဲ့ပါသည်။

**ဦးတည်ချက်**

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က ချမှတ်ထားသော ဦးတည်ချက် (၃) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့်လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်လာစေရေး၊

(ခ) တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီ ညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး။

**လုပ်ငန်းဆောင်ရွက်ချက်**

၄။ ၃-၁၀-၂၀၁၃ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီက ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် နိုင်ငံရေးပါတီများ၊ အသင်း အဖွဲ့များ၊ ပြည်သူများထံမှ အခြေခံဥပဒေပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက်များကို ၁၅-၁၁-၂၀၁၃ ရက်နေ့မတိုင်မီ နောက်ဆုံးထားပေးပို့ရန် သတင်းထုတ်ပြန်ချက် (၁/၂၀၁၃) ကို ထုတ်ပြန်ခဲ့ပါသည်။

၅။ ၃၁-၁၀-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်သော ဖွဲ့စည်းပုံအခြေခံလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီအစည်းအဝေး (၃/၂၀၁၃) ဆုံးဖြတ်ချက်အရ အကြံပြုချက်များကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်မတိုင်မီ ပေးပို့ရန် သတ်မှတ်ချက် (အစား) ပြည်သူ့များထံမှ အကြံပြုချက်များကို ပိုမိုရရှိရန် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက် မတိုင်မီပေးပို့ရန် သတင်းထုတ်ပြန်ချက် (၂/၂၀၁၃) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။ နိုဝင်ဘာလ (၁၅) ထိ အကြံပြုစာ (၂၅၄)စောင်ရရှိပြီး နိုဝင်ဘာလ (၁၅) ရက်နောက်ပိုင်းမှ ဒီဇင်ဘာလ (၃၁)ရက်ထိ (၁၀၂၂) စောင်ထပ်မံ ရရှိခဲ့ပါသည်။

၆။ ၆-၁၂-၂၀၁၃ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီသည် အကြံပြုစာများ လက်ခံရရှိမှုအခြေအနေကို သတင်းထုတ်ပြန်ချက် (၃/၂၀၁၃) ဖြင့်ထုတ်ပြန်ခဲ့ပါသည်။

၇။ ၃၁-၁၂-၂၀၁၃ ရက် (၁၆း၃၀) နာရီအချိန်ထိ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ကိုယ်တိုင်ကြီးကြပ်၍ အကြံပြုစာများအား လက်ခံဆောင်ရွက်ခဲ့ပြီး ယင်းနေ့တွင် အကြံပြုစာများရရှိမှုအခြေအနေကို သတင်းထုတ်ပြန်ချက် (၄/၂၀၁၃) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ အစည်းအဝေး (၁/၂၀၁၄) ကို ၇-၁-၂၀၁၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ (၅)ဖွဲ့ ဖွဲ့စည်း၍ ခွဲဝေသတ်မှတ်ထားသော အခန်း၊ ပုဒ်မ၊ ဇယားများအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ အကြံပြုချက်များကို လေ့လာသုံးသပ်ပြန်လည်တင်ပြရန် အစည်းအဝေးက သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**အကြံပြုချက်များ**

၉။ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီက အကြံပြုစာစုစုပေါင်း (၂၈၂၄၇) စောင် ရရှိခဲ့ပါသည်။ ပါတီ၊ အသင်းအဖွဲ့၊ ဌာန၊ ပြည်သူတို့ထံမှ ရရှိခဲ့သည့်အကြံပြုစာများမှာအောက်ပါအတိုင်း ဖြစ်ပါသည် -

| | |
|---|---|
| (က) ပါတီ (၂၀) ခုမှ အကြံပြုစာ | ( ၇၆) စောင် |
| (ခ ) ဥပဒေပညာရှင်များ/NGO အဖွဲ့များထံမှ | ( ၄၂) စောင် |
| (ဂ ) ဖွဲ့စည်းပုံအခြေခံဥပဒေအား ခြုံငုံ/ပြင်ဆင်ရန် အကြံပြုစာ | (၁၉၇၉၆) စောင် |
| (ဃ) ဌာနဆိုင်ရာများမှ အကြံပြုစာ(တပ်မတော်အပါအဝင်) | ( ၈) စောင် |
| (င ) ပြည်သူများထံမှ အကြံပြုစာ | ( ၈၃၂၅) စောင် |
| **စုစုပေါင်း** | **( ၂၈၂၄၇) စောင်** |

၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာ သုံးသပ်ရေးပူးပေါင်းကော်မတီမှ လက်ခံရရှိသည့် အကြံပြုစာများမှ အခန်းအလိုက်/ပုဒ်မတစ်ခုချင်းအလိုက် အကြံပြုချက်များကို နိုင်ငံပိုင်သတင်းမီဒီယာများမှ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

၁၁။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက် ၁၆း၃၀ ချိန်နောက်ပိုင်း ၂-၁-၂၀၁၄ ရက်တွင် (၁၁၅၃) စောင်၊ ၃-၁-၂၀၁၄ ရက်တွင် (၅၀၉)စောင် စုစုပေါင်း (၁၆၆၂)စောင်အား လက်ခံရရှိပြီး မှတ်တမ်း ထားရှိပါသည်။

၁၂။ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီရှိ အဖွဲ့ဝင် (၁၀၈)ဦးပါဝင်သော အဖွဲ့ (၅)ဖွဲ့ဖြင့် အောက်ပါအတိုင်း အခန်း၊ ပုဒ်မ၊ ဇယားများခွဲ၍ဆောင်ရွက်ခဲ့ပြီး အသေးစိတ်ဇယားကို နောက်ဆက်တွဲဖြင့် သီးသန့်တင်ပြအပ်ပါသည် -

(က) အဖွဲ့ (၁) အနေဖြင့် အခန်း (၁)၊ (၂)၊ (၃) နှင့် (၁၂) တို့ကိုလည်းကောင်း၊

(ခ) အဖွဲ့ (၂) အနေဖြင့် အခန်း (၈)၊ ဇယား (၁)၊(၂)၊(၃)၊(၄)၊(၅) တို့နှင့် ဆက်စပ်လျက်ရှိသည့် ပုဒ်မ ၉၆၊ ၁၂၅၊ ၁၈၈၊ ၁၉၆၊ ၂၅၄ တို့ကိုလည်းကောင်း၊

(ဂ) အဖွဲ့ (၃) အနေဖြင့် အခန်း (၇)၊ (၁၁)နှင့် (၁၅) တို့ကိုလည်းကောင်း၊

(ဃ) အဖွဲ့ (၄) အနေဖြင့် အခန်း (၄)၊ (၅)နှင့် (၆) တို့ကိုလည်းကောင်း၊

(င) အဖွဲ့ (၅) အနေဖြင့် အခန်း (၉)၊ (၁၀)၊ (၁၃)နှင့် (၁၄) တို့ကိုလည်းကောင်း လေ့လာသုံးသပ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၁၃။ ထိုသို့လေ့လာသုံးသပ်ဆောင်ရွက်ရာတွင် အဖွဲ့ (၁)၏ လေ့လာသုံးသပ်ခြင်းအပိုင်းတွင် အခန်း (၁) သည် နိုင်ငံတော်အခြေခံမူများ ပုဒ်မပေါင်း ၄၈ ခု၊ အခန်း (၂) သည် နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ ပုဒ်မပေါင်း ၈ ခု၊ အခန်း (၃) သည် နိုင်ငံတော်အကြီးအကဲ ပုဒ်မပေါင်း ၁၇ ခု၊ အခန်း (၁၂) သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း ပုဒ်မပေါင်း ၄ ခု တို့ဖြစ်ကြပြီး အဆိုပါ တင်ပြချက်များအပေါ် တွေ့ရှိချက်အား အောက်ပါအတိုင်းဇယားဖြင့် ဖော်ပြအပ်ပါသည် -

| စဉ် | အခန်း | လေ့လာတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|
| | | မူလအတိုင်း ထားရန် | ပြင်ဆင် ရန် | ဖြည့်စွက် ရန် | ပယ်ဖျက် ရန် | သီးခြား တင်ပြ | စုစုပေါင်း |
| ၁။ | ၁ | ၄၇ | ၂၇၁၄၈ | ၁၁၅ | ၂၆၂ | ၂၂ | ၂၇၅၉၄ |
| ၂။ | ၂ | ၁ | ၁၀၀ | ၆ | ၄၈ | ၇ | ၁၆၂ |
| ၃။ | ၃ | ၈၂ | ၅၈၃၃ | ၆၄ | ၂၀၄ | - | ၆၁၈၃ |
| ၄။ | ၁၂ | - | ၅၈၆၄ | - | ၁ | - | ၅၈၆၅ |
| စုစုပေါင်း | | ၁၃၀ | ၃၈၉၄၅ | ၁၈၅ | ၅၁၅ | ၂၉ | ၃၉၈၀၄ |

**မှတ်ချက်။** ။ အခန်း (၁) ပုဒ်မ ၆ (စ)၊ ပုဒ်မ ၄၂ အခန်း (၃) ပုဒ်မ ၅၉ (စ)နှင့် အခန်း (၁၂) ပုဒ်မ ၄၃၆ တို့ကို မပြင်ဆင်ဘဲထားရှိရန် အကြံပြုသူပေါင်း (၁၀၆၁၀၂)ဦးမှ စုစည်း လက်မှတ်ရေးထိုးထားရှိပါသည်။

။ ပုဒ်မ ၅၉ (စ)အား မူလပြဋ္ဌာန်းချက်ကို ပယ်ဖျက်၍ ပြင်ဆင်ပေးရန် (၅၉၂) ဦးမှ သီးခြား အကြံပြုချက်ပေးပို့ထားပါသည်။

။ ပုဒ်မ ၄၃၅၊ ၄၃၆ အား မူလပြဋ္ဌာန်းချက်ကို ပြင်ဆင်ပေးရန် (၅၃၄) ဦးမှ သီးခြား အကြံပြုချက်ပေးပို့ထားပါသည်။

၁၄။ အဖွဲ့ (၂) ၏ လေ့လာသုံးသပ်ခြင်းအပိုင်းတွင် အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ ပုဒ်မပေါင်း (၄၆)ခုနှင့် ဇယား (၁)၊(၂)၊(၃)၊(၄)၊(၅) တို့ဖြစ်ပြီး အဆိုပါ တင်ပြချက်များအပေါ် တွေ့ရှိချက်အား အောက်ပါအတိုင်းဇယားဖြင့် ဖော်ပြအပ်ပါသည် -

| စဉ် | အခန်း/ ဇယား | လေ့လာတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|
| | | မူလအတိုင်း ထားရန် | ပြင်ဆင် ရန် | ဖြည့်စွက် ရန် | ပယ်ဖျက် ရန် | သီးခြား တင်ပြ | စုစုပေါင်း |
| ၁။ | ၈ | ၁၀ | ၁၉၀ | ၄၂ | ၂၁ | ၁၆ | ၂၇၉ |
| ၂။ | ဇယား(၁)(၂)(၃)(၄)(၅) | - | ၁၅၃ | ၈၃ | ၇ | ၂ | ၂၄၅ |
| ၃။ | ပုဒ်မ ၉၆၊ ၁၂၅၊ ၁၈၈၊ ၁၉၆၊ ၂၅၄ | - | ၂၆ | ၅ | ၁ | - | ၃၂ |
| စုစုပေါင်း | | ၁၀ | ၃၆၉ | ၁၃၀ | ၂၉ | ၁၈ | ၅၅၆ |

၁၅။ လေ့လာသုံးသပ်ရေးအဖွဲ့ (၃)၏ လေ့လာသုံးသပ်ခြင်းအပိုင်းတွင် အခန်း (၇)သည် တပ်မတော် ပုဒ်မပေါင်း ၈ ခု၊ အခန်း (၁၁) သည် အရေးပေါ်ကာလပြဋ္ဌာန်းချက်များ ပုဒ်မပေါင်း ၂၃ ခု၊ အခန်း (၁၅) သည် အထွေထွေပြဋ္ဌာန်းချက်များ ပုဒ်မပေါင်း ၉ ခုတို့ဖြစ်ကြပြီး အဆိုပါတင်ပြချက်များ အပေါ်တွေ့ရှိချက်အား အောက်ပါအတိုင်းဇယားဖြင့် ဖော်ပြအပ်ပါသည် -

| စဉ် | အခန်း | လေ့လာတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|
| | | မူလအတိုင်း ထားရန် | ပြင်ဆင် ရန် | ဖြည့်စွက် ရန် | ပယ်ဖျက် ရန် | သီးခြား တင်ပြ | စုစုပေါင်း |
| ၁။ | ၇ | ၄၉ | ၉၃ | ၄၄ | ၃၇ | ၄၈ | ၂၇၁ |
| ၂။ | ၁၁ | ၁၅ | ၂၂၄ | ၁၄ | ၁၃၃ | ၈ | ၃၉၄ |
| ၃။ | ၁၅ | ၁၀ | ၁၀ | ၁၈ | - | - | ၃၈ |
| စုစုပေါင်း | | ၇၄ | ၃၂၇ | ၇၆ | ၁၇၀ | ၅၆ | ၇၀၃ |

**မှတ်ချက်။** ။ အခန်း (၇) ပုဒ်မ ၃၃၇၊ ၃၃၈ တို့ကို မပြင်ဆင်ဘဲထားရှိရန် အကြံပြုသူပေါင်း (၁၀၆၁၀၂) ဦးမှ စုစည်းလက်မှတ်ရေးထိုးထားရှိပါသည်။

၁၆။ လွှတ်တော်သုံးသပ်ရေးအဖွဲ့ (၄)၏ လေ့လာသုံးသပ်ခြင်းအပိုင်းတွင် အခန်း (၄)သည် ဥပဒေပြုရေး ပုဒ်မပေါင်း ၁၂၅ ခု၊ အခန်း (၅) သည် အုပ်ချုပ်ရေး ပုဒ်မပေါင်း ၉၄ ခု၊ အခန်း (၆) တရားစီရင်ရေးသည် ပုဒ်မပေါင်း ၄၄ ခုတို့ဖြစ်ကြပြီး အဆိုပါ တင်ပြချက်များအပေါ် တွေ့ရှိချက်အား အောက်ပါအတိုင်းဇယားဖြင့် ဖော်ပြအပ်ပါသည် -

| စဉ် | အခန်း | လေ့လာတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|
| | | မူလအတိုင်းထားရန် | ပြင်ဆင်ရန် | ဖြည့်စွက်ရန် | ပယ်ဖျက်ရန် | သီးခြားတင်ပြ | စုစုပေါင်း |
| ၁။ | ၄ | ၅ | ၃၈၃ | ၉၉ | ၂၃၀ | ၆၈ | ၇၈၅ |
| ၂။ | ၅ | ၈၁ | ၉၉၀ | ၂၀၆ | ၄၂၅ | ၂၉ | ၁၇၃၁ |
| ၃။ | ၆ | ၃၅ | ၃၅၂ | ၅၀ | ၆၅ | - | ၅၀၂ |
| စုစုပေါင်း | | ၁၂၁ | ၁၇၂၅ | ၃၅၆ | ၇၂၀ | ၉၇ | ၃၀၁၉ |

၁၇။ လွှတ်တော်သုံးသပ်ရေးအဖွဲ့(၅)၏ လေ့လာသုံးသပ်ခြင်းအပိုင်းတွင် အခန်း (၉)သည် ရွေးကောက်တင်မြှောက်ခြင်း ပုဒ်မပေါင်း ၁၃ ခု၊ အခန်း (၁၀) သည် နိုင်ငံရေးပါတီများ ပုဒ်မပေါင်း ၆ ခု၊ အခန်း (၁၃)သည် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော် ပုဒ်မပေါင်း ၄ ခုနှင့် အခန်း (၁၄)သည် ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ ပုဒ်မပေါင်း ၈ ခုတို့ဖြစ်ကြပြီး အဆိုပါ တင်ပြချက်များအပေါ် တွေ့ရှိချက်အား အောက်ပါအတိုင်းဇယားဖြင့် ဖော်ပြအပ်ပါသည် -

| စဉ် | အခန်း | လေ့လာတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|
| | | မူလအတိုင်းထားရန် | ပြင်ဆင်ရန် | ဖြည့်စွက်ရန် | ပယ်ဖျက်ရန် | သီးခြားတင်ပြ | စုစုပေါင်း |
| ၁။ | ၉ | ၂ | ၈၇ | ၁၃ | ၂၆ | ၅ | ၁၃၃ |
| ၂။ | ၁၀ | ၁ | ၃၀ | ၃ | ၁၀ | ၈ | ၅၂ |
| ၃။ | ၁၃ | ၃ | ၃၃ | - | ၁ | ၂ | ၃၉ |
| ၄။ | ၁၄ | ၂၆ | ၂၈ | ၄ | ၁၀၀ | ၂ | ၁၆၀ |
| စုစုပေါင်း | | ၃၂ | ၁၇၈ | ၂၀ | ၁၃၇ | ၁၇ | ၃၈၄ |

**မှတ်ချက်။** ။ အခန်း (၁၄) ပုဒ်မ ၄၄၅ ကို မပြင်ဆင်ဘဲထားရှိရန် အကြံပြုသူပေါင်း (၁၀၆၁၀၂) ဦးမှ စုစည်းလက်မှတ်ရေးထိုးထားရှိပါသည်။

၁၈။ အထက်ဖော်ပြပါ လေ့လာတွေ့ရှိချက်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်း (၁၂) ပုဒ်မ ၄၃၆ (က)ပါ ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သည့် အခန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများနှင့် ၎င်းတို့ကို အဆိုပြု၊ အကြံပြုချက်များမှာ အောက်ပါအတိုင်းဇယားဖြင့် ဖော်ပြအပ်ပါသည် -

| စဥ် | အခန်း | ပုဒ်မ | လေ့လာတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|---|
| | | | မူလအတိုင်းထားရန် | ပြင်ဆင်ရန် | ဖြည့်စွက်ရန် | ပယ်ဖျက်ရန် | သီးခြားတင်ပြ | စုစုပေါင်း |
| ၁။ | ၁ | ၁ မှ ၄၈ | ၄၇ | ၂၇၁၄၈ | ၁၁၅ | ၂၆၂ | ၂၂ | ၂၇၅၉၄ |
| ၂။ | ၂ | ၄၉ မှ ၅၆ | ၁ | ၁၀၀ | ၆ | ၄၈ | ၇ | ၁၆၂ |
| ၃။ | ၃ | ၅၉ မှ ၆၀ | ၅၁ | ၅၇၄၀ | ၅၅ | ၁၉၄ | - | ၆၀၄၀ |
| ၄။ | ၄ | ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁ | ၃ | ၁၈၄ | ၃၀ | ၁၃၅ | - | ၃၅၂ |
| ၅။ | ၅ | ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆ | ၁၉ | ၁၄၃ | ၈၈ | ၆၉ | - | ၃၁၉ |
| ၆။ | ၆ | ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀ | - | ၄၉ | ၃ | ၈ | - | ၆၀ |
| ၇။ | ၁၁ | ၄၁၀ မှ ၄၃၂ ထိ | ၁၅ | ၂၂၄ | ၁၄ | ၁၃၃ | ၈ | ၃၉၄ |
| ၈။ | ၁၂ | ၄၃၆ | - | ၅၆၂၀ | - | - | - | ၅၆၂၀ |
| စုစုပေါင်း | | | ၁၃၆ | ၃၉၂၀၈ | ၃၁၁ | ၈၄၉ | ၄၀ | ၄၀၅၄၁ |

**မှတ်ချက်။**

။ အခန်း (၁) ပုဒ်မ ၆ (စ)၊ ပုဒ်မ ၄၂ အခန်း (၃) ပုဒ်မ ၅၉ (စ)နှင့် အခန်း (၁၂) ပုဒ်မ ၄၃၆ တို့ကို မပြင်ဆင်ဘဲထားရှိရန် အကြံပြုသူပေါင်း (၁၀၆၁၀၂)ဦးမှ စုစည်းလက်မှတ်ရေးထိုးထားရှိပါသည်။

။ ပုဒ်မ ၅၉ (စ)အား မူလပြဋ္ဌာန်းချက်ကို ပယ်ဖျက်၍ ပြင်ဆင်ပေးရန် (၅၉၂) ဦးမှ သီးခြား အကြံပြုချက်ပေးပို့ထားပါသည်။

။ ပုဒ်မ ၄၃၅၊ ၄၃၆ အား မူလပြဋ္ဌာန်းချက်ကို ပြင်ဆင်ပေးရန် (၅၃၄) ဦးမှ သီးခြား အကြံပြုချက်ပေးပို့ထားပါသည်။

။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆(က)အရအကျုံးဝင်သောပုဒ်မများသာ ဖော်ပြထားပါသည်။

၁၉။ ထို့အတူ ပုဒ်မ ၄၃၆ (ခ) ပြဋ္ဌာန်းချက်နှင့်အကျုံးဝင်သည့် အခန်း၊ ပုဒ်မများတွင် အဆိုပြု၊ အကြံပြုချက်များမှာ အောက်ပါအတိုင်းဇယားဖြင့် ဖော်ပြအပ်ပါသည် -

| စဉ် | အခန်း | ပုဒ်မ | လေ့လာတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|---|
| | | | မူလအတိုင်းထားရန် | ပြင်ဆင်ရန် | ဖြည့်စွက်ရန် | ပယ်ဖျက်ရန် | သီးခြားတင်ပြ | စုစုပေါင်း |
| ၁။ | ၃ | ၅၇၊ ၅၈၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃ | ၃၁ | ၉၃ | ၉ | ၁၀ | - | ၁၄၃ |
| ၂။ | ၄ | ၇၅ မှ ၁၀၈၊ ၁၁၀မှ၁၄၀ ၁၄၂မှ၁၆၀ ၁၆၂မှ၁၉၈ | ၂ | ၂၁၉ | ၇၃ | ၉၅ | ၆၈ | ၄၅၇ |
| ၃။ | ၅ | ၁၉၉၊ ၂၀၂မှ၂၄၇ ၂၄၉မှ၂၇၅ ၂၇၇မှ၂၉၂ | ၆၂ | ၈၅၃ | ၁၁၉ | ၃၅၇ | ၂၉ | ၁၄၂၀ |
| ၄။ | ၆ | ၂၉၅မှ၃၀၄ ၃၀၆မှ၃၁၃ ၃၁၅မှ၃၁၉ ၃၂၁မှ၃၃၆ | ၃၅ | ၃၀၃ | ၄၈ | ၅၇ | - | ၄၄၃ |
| ၅။ | ၇ | ၃၃၇မှ၃၄၂ | ၄၉ | ၉၃ | ၄၄ | ၃၇ | ၄၈ | ၂၇၁ |
| ၆။ | ၈ | ၃၄၅မှ၃၉၀ | ၁၀ | ၁၉၀ | ၄၂ | ၂၀ | ၁၆ | ၂၇၉ |
| ၇။ | ၉ | ၃၉၁မှ၄၀၃ | ၂ | ၈၇ | ၁၃ | ၂၆ | ၅ | ၁၃၃ |
| ၈။ | ၁၀ | ၄၀၄မှ၄၀၉ | ၁ | ၃၀ | ၃ | ၁၀ | ၈ | ၅၂ |
| ၉။ | ၁၂ | ၄၃၃မှ၄၃၅ | - | ၂၄၄ | - | ၁ | - | ၂၄၅ |
| ၁၀။ | ၁၃ | ၄၃၇မှ၄၄၀ | ၃ | ၃၃ | - | ၁ | ၂ | ၃၉ |

| စဉ် | အခန်း | ပုဒ်မ | လေ့လာတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|---|
| | | | မူလအတိုင်းထားရန် | ပြင်ဆင်ရန် | ဖြည့်စွက်ရန် | ပယ်ဖျက်ရန် | သီးခြားတင်ပြ | စုစုပေါင်း |
| ၁၁။ | ၁၄ | ၄၄၁မှ၄၄၈ | ၂၆ | ၂၈ | ၄ | ၁၀၀ | ၂ | ၁၆၀ |
| ၁၂။ | ၁၅ | ၄၄၉မှ၄၅၇ | ၁၀ | ၁၀ | ၁၈ | - | - | ၃၈ |
| ၁၃။ | ဇယား | ၁၊ ၂၊ ၃၊ ၄၊ ၅ | - | ၁၅၃ | ၈၃ | ၇ | ၂ | ၂၄၅ |
| စုစုပေါင်း | | | ၂၃၁ | ၂၃၃၆ | ၄၅၆ | ၇၂၂ | ၁၈၀ | ၃၉၂၅ |

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်းလိုက် လေ့လာသုံးသပ်တွေ့ရှိချက်များ

| စဉ် | အခန်း | လေ့လာတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|
| | | မူလအတိုင်းထားရန် | ပြင်ဆင်ရန် | ဖြည့်စွက်ရန် | ပယ်ဖျက်ရန် | သီးခြားတင်ပြ | စုစုပေါင်း |
| ၁။ | ၁ | ၄၇ | ၂၇၁၄၈ | ၁၁၅ | ၂၆၂ | ၂၂ | ၂၇၅၉၄ |
| ၂။ | ၂ | ၁ | ၁၀၀ | ၆ | ၄၈ | ၇ | ၁၆၂ |
| ၃။ | ၃ | ၈၂ | ၅၈၃၃ | ၆၄ | ၂၀၄ | - | ၆၁၈၃ |
| ၄။ | ၄ | ၅ | ၄၀၃ | ၁၀၃ | ၂၃၀ | ၆၈ | ၈၀၉ |
| ၅။ | ၅ | ၈၁ | ၉၉၆ | ၂၀၇ | ၄၂၆ | ၂၉ | ၁၇၃၉ |
| ၆။ | ၆ | ၃၅ | ၃၅၂ | ၅၀ | ၆၅ | - | ၅၀၃ |
| ၇။ | ၇ | ၄၉ | ၉၃ | ၄၄ | ၇၇ | ၄၈ | ၂၇၀ |
| ၈။ | ၈ | ၁၀ | ၁၉၀ | ၄၂ | ၂၁ | ၁၆ | ၂၇၉ |
| ၉။ | ၉ | ၂ | ၈၇ | ၁၃ | ၂၆ | ၅ | ၁၃၃ |
| ၁၀။ | ၁၀ | ၁ | ၃၀ | ၃ | ၁၀ | ၈ | ၅၂ |
| ၁၁။ | ၁၁ | ၁၅ | ၂၂၄ | ၁၄ | ၁၃၃ | ၈ | ၃၉၄ |
| ၁၂။ | ၁၂ | - | ၅၈၆၄ | - | ၁ | - | ၅၈၆၅ |
| ၁၃။ | ၁၃ | ၃ | ၃၃ | - | ၁ | ၂ | ၃၉ |
| ၁၄။ | ၁၄ | ၂၆ | ၂၈ | ၄ | ၁၀၀ | ၂ | ၁၆၀ |
| ၁၅။ | ၁၅ | ၁၀ | ၁၀ | ၁၈ | - | - | ၃၈ |
| စုစုပေါင်း | | ၃၆၇ | ၄၁၃၉၀ | ၆၈၄ | ၁၅၆၄ | ၂၀၅ | ၄၄၂၁၀ |

## ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယားအလိုက် လေ့လာသုံးသပ်တွေ့ရှိချက်များ

| စဉ် | ဇယား | လေ့လာတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|
| | | မူလအတိုင်းထားရန် | ပြင်ဆင်ရန် | ဖြည့်စွက်ရန် | ပယ်ဖျက်ရန် | သီးခြားတင်ပြ | စုစုပေါင်း |
| ၁။ | ဇယား(၁)(၂)(၃)(၄)(၅) | - | ၁၅၃ | ၈၃ | ၃ | ၂ | ၂၄၁ |
| စုစုပေါင်း | | - | ၁၅၃ | ၈၃ | ၃ | ၂ | ၂၄၁ |

**သုံးသပ်ချက်**

၂၀။ အထက်ပါတွေ့ရှိချက်များအပေါ် အောက်ပါအတိုင်း သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအပ်ပါသည် -

(က) မြန်မာနိုင်ငံတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အနာဂတ်အရေးကို အဓိကဖော်ဆောင်နိုင်သော အချုပ်အခြာအာဏာဆိုင်ရာ နိုင်ငံသူနိုင်ငံသားများနှင့် သက်ဆိုင်သည့် ပဋိညာဉ်စာချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပင် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံဆန္ဒမဲပေးမှု (၉၂.၄၈)ရာခိုင်နှုန်းဖြင့် (၂၆-၅-၂၀၀၈) ရက်တွင် အတည်ပြုခဲ့ပါသည်။ ယခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တတိယမြောက်ဖြစ်ပြီး ဤဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ရာ လွှတ်တော်သက်တမ်း ၃၃လ ကျော်ကာလကို ဖြတ်ကျော်ခဲ့ပြီး ဖြစ်ပါသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီခေတ်ပြောင်းစနစ်ကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ရာ၌ ပြည့်စုံရန် လိုအပ်နေသေးသောအချက်များနှင့် အချိန်အခါပေါ်မူတည်၍ ပြင်ဆင်ထိုက်သည်များတွေ့ရှိလာရသည့်အလျောက် အကြံဉာဏ်များပြုနိုင်ရန် အကြံဉာဏ်များ တောင်းခံခဲ့ပါသည်။ ဗဟိုချုပ်ကိုင်မှုအားများလွန်းခြင်း၊ ဗဟိုချုပ်ကိုင်မှုအားနည်းလွန်းခြင်း အစွန်းနှစ်ပါးတို့ကြောင့် မလိုလားအပ်သောကိစ္စရပ်များ၏ အကျိုးဆက်များကို ရှောင်ရှားနိုင်ရန်အတွက် ပြင်ဆင်ရန်လိုအပ်မည့် အချက်များရှိပါက အချိန်မီသုံးသပ် ညှိနှိုင်းပြင်ဆင်သွားရမည်သာ ဖြစ်ပါသည်။

(ခ) အထူးသဖြင့် တိုင်းရင်းသားလူမျိုးအလိုက် ဒေသများပေါ်မူတည်၍ ရှိသင့်သောကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တိုင်းရင်းသားတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အုပ်ချုပ်ရေးစသည့် အခြေအနေများအပေါ်တွင် မူတည်ပြီး ပြဋ္ဌာန်းထားချက်များ မပါရှိပါက ပါရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးရမည့်အပြင် လိုအပ်သော ပြဋ္ဌာန်းချက်များကို ပြင်ဆင်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းပေးရမည်ကို အကြံပြုစာများအရ သုံးသပ်ရရှိပါသည်။

(ဂ) ပြင်ဆင်ရာ၌လည်း ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ပါတီစွဲမထားဘဲ ပြည်ထောင်စုလွှတ်တော်က ချမှတ်ပေးသည့် ဦးတည်ချက် (၃)ရပ်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဦးစားပေးအဆင့်များ သတ်မှတ်၍ ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက်သွားရန် လိုအပ်ကြောင်းလည်း

သုံးသပ်ရရှိပါသည်။ အခန်း(၁)မှ အခန်း(၁၅)ထိ ပုဒ်မပေါင်း ၄၅၇ ရှိပြီး အကြံပြုလွှာများတွင် အခန်းအလိုက် ပုဒ်မ အလိုက်အပြင် ပုဒ်မခွဲအလိုက် အကြံပြုထားပါသည်။

(ဃ) အဆိုပါအကြံပြုချက်များတွင် ပုဒ်မ၊ ပုဒ်မခွဲ တစ်ခုတည်းကိုပင် အကြံပြုချက်များမှာ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ တင်ပြကြ၍ မတူညီကြသည်ကိုတွေ့ရသည်။ ပုဒ်မအားလုံးနီးပါး ဖြစ်ပါသည်။ ဤကဲ့သို့သော ကိစ္စရပ်မျိုးအား ပြည်ထောင်စုလွှတ်တော်တွင်ဆွေးနွေး၍ ပြင်ဆင်မည့်အပိုဒ်အဓိပ္ပာယ်ကို အတည်ပြုသွားသင့်ကြောင်း သုံးသပ်ရရှိပါသည်။

(င) အလားတူပင် ပုဒ်မ၊ ပုဒ်မခွဲအလိုက်ပြင်ဆင်ရာတွင် မူလအတိုင်းထားရှိရန်၊ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ ပယ်ဖျက်ရန်ဟူသည့် သဘောထားအမျိုးမျိုးဖြင့်လည်းကောင်း၊ အချို့သောအချက်အလက်များတွင် စဉ်းစားဆောင်ရွက်သင့်ကြောင်းသာ ဖော်ပြပါရှိသည့် အကြံပြုချက်များကို တွေ့ရှိရပါသဖြင့် အဆိုပါအချက်အလက် အကြံပြုချက်များ၊ သင့်လျော်သည့် အကြံပြုချက်များကို ပြည်ထောင်စုလွှတ်တော်ကသာ စဉ်းစားဆုံးဖြတ်၍ ဆက်လက်ဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(စ) အဆိုပါ တင်ပြချက်များမှ ပြည်သူများအတွက်လည်းကောင်း၊ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားများနှင့် သက်ဆိုင်သည့် အချက်များကိုလည်းကောင်း၊ လွှတ်တော်တွင် ၇၅% ကျော်ဖြင့် ပြင်ဆင်နိုင်သည့် အချက်များဖြစ်သည့် အကြံပြုချက်များအား ဦးစားပေးဆောင်ရွက်သွားနိုင်ရန် ခွဲခြားသုံးသပ်တင်ပြပါသည်။

**ပြည်ထောင်စုလွှတ်တော်မှ ဆုံးဖြတ်ပေးရန်တင်ပြချက်**

၂၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူများမှ စိတ်အားထက်သန်သည့် ဆန္ဒနှင့်တင်ပြသည့် အကြံပြုချက်များအပေါ် မိမိတို့ပူးပေါင်းကော်မတီမှ သုံးသပ်စိစစ်ခဲ့ပါသည်။ တင်ပြပါ အခန်း၊ ပုဒ်မများအား ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည်များ၊ ဖြည့်စွက်သင့်သည်များ၊ ပယ်ဖျက်သင့်သည်များကို အထက်အပိုဒ် (၂၀)ပါ သုံးသပ်ရရှိချက်များအတိုင်း ဆက်လက်စိစစ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ သို့ပါ၍ ဦးစားပေးဆောင်ရွက်ခြင်း၊ တစ်ဆင့်ခြင်းဆက်လက်ဆောင်ရွက်ခြင်း၊ ထပ်မံလေ့လာသုံးသပ်ပြီး အချိန်ယူဆောင်ရွက်ခြင်းတို့ လုပ်ဆောင်သွားနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ ဆုံးဖြတ်ချက်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

၂၂။ သို့ပါ၍ ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏ စုစည်းလေ့လာသုံးသပ် တင်ပြချက်များအပေါ် အဆုံးအဖြတ်ပေးနိုင်ပါရန်နှင့် ပူးတွဲ၍ ပြည်သူတို့၏ အကြံပြုစာမူရင်းများ သုံးသပ်ရေးအဖွဲ့ (၅)ဖွဲ့၏ စုစည်းတင်ပြချက်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ